**Key Statements for the 2026 International Chinese-speaking Conference**

**ယောဘစာစောင်က စာစောင်ခြောက်ဆယ့်ခြောက်စောင်ပါသော သမ္မာကျမ်းစာသည် တစ်ခုတည်းသောအရာအတွက်သာဖြစ် ကြောင်း ဖွင့်ပြပေးသည်၊ ယင်းမှာ ခရစ်တော်၌ ဘုရားသခင်သည် ဝိညာဉ်တော်အားဖြင့် မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့၏အသက်၊ ကျွန်ုပ်တို့၏သဘောသဘာဝနှင့် ကျွန်ုပ်တို့၏အရာခပ်သိမ်းအဖြစ် ကျွန်ုပ်တို့အထဲသို့ ဝေငှဖြန့်ဖြူးရန်၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ခရစ် တော်ကို အသက်ရှင်၍၊ ခရစ်တော်ကို ထင်ရှားရန်ဖြစ်သည်။ ဤအရာသည် ကျွန်ုပ်တို့၏အသက်တာကို အုပ်စိုးနေသော မူအလေ့ အလာဖြစ်သင့်ပါသည်။**

**နောသေည် ဘုရားသခင်၌ ယုံကြည်ခဲ့သည်၊ ဘုရားသခင်နှင့်အတူ လျှောက်လှမ်းခဲ့သည်၊ ဘုရားသခင်ကို ကျေနပ်ဝမ်းမြောက်စေသည်၊ ဘုရားသခင်ဖြစ်တော်မူသမျှအားလုံးကို မွေ့လျော်ဝမ်းမြောက်ခဲ့သည်။**

**ကျောက်နှင့် တောင်ကြီး၊ သတို့သမီးနှင့်အတူ သတို့သား၊ ဘုရားသခင်၏အသက်လေနှင့်အတူ ဘုရားသခင်၏ စုပေါင်းထားသောလူ အဖြစ် စုပေါင်းထားသော ခရစ်တော်သည် အန္တိခရစ်နှင့် သူ၏စစ်တပ်များကို ကိုယ်တော်၏နှုတ်တော်မှ အသက်လေ၊ သန်လျက် ဓားဖြင့် ချေမှုန်း၍ သတ်ဖြတ်လိမ့်မည်ဖြစ်သည်။**

**ခရစ်တော်၌ ဘုရားသခင်သည် လူအထဲသို့ စေ့စပ်ထုံးဖွဲ့ခဲ့ပြီး၊ လူသည် ဘုရားသခင်အထဲသို့ စေ့စပ်ထုံးဖွဲ့ခံရပြီး ဖြစ်ကာ၊ ဘုရားသခင်နှင့် လူသည် တစ်ခုတည်းသောထုံးဖွဲ့မှု ဖြစ်လာရန် အတူတကွ ရောနှောပေါင်းစည်းခဲ့ပြီဖြစ်သည်၊ ယင်းကို ဘုရား-လူဟု ခေါ်ဆိုသည်။**

*© 2026 Living Stream Ministry*

**Outlines of the Messages**
**for the International Chinese-speaking Conference**
**February 13-15, 2026**

## GENERAL SUBJECT:

**နောဧ၊ ဒံယေလနှင့် ယောဘ - ဘုရားသခင်၏စီမံကိန်း ပြီးပြည့်စုံခြင်းငှာ**
**အသက်၏လမ်းကြောင်းပေါ်မှာ အောင်မြင်သောအသက်တာကို အသက်ရှင်ခြင်း၏ စံနမူနာများ**

Message One

**ခေတ်ကို ပြောင်းလဲရန် ခေတ်ကာလ၏ရှုပါရုံအတိုင်း အသက်ရှင်ခြင်းနှင့် လုပ်ဆောင်ခြင်း**

ဖတ်ရန်ကျမ်း။ ။ ယေဇ၊၁၄း၁၄၊ ၂၀။ က၊၆း၈။ မ၊၂၄း၃၇-၃၉။ ဒံ၊၂း၃၄-၃၅။ ယောဘ၊၄၂း၅-၆

**I. နောဧ၊ ဒံယေလနှင့် ယောဘတို့သည် ကျွန်ုပ်တို့က ဘုရားသခင်၏စီမံကိန်း ပြီးပြည့်စုံစေခြင်းငှာ အသက်၏လမ်းကြောင်းပေါ်မှာ အောင်မြင်သောအသက်တာကို မည်သို့အသက်ရှင်နိုင်ကြောင်း ဖွင့်ပြပေးသည့် စံနမူနာများဖြစ်သည်။ ဤသည်မှာ ခေတ်ကိုပြောင်းလဲရန် ခေတ်ကာလ၏ရှုပါရုံအတိုင်း အသက်ရှင်ခြင်းနှင့် လုပ်ဆောင်ခြင်းပင်ဖြစ်သည် - ယေဇ၊၁၄း၁၄၊ ၂၀။ က၊၂း၉။ ဗျာ၊၂း၇။ ၂၂း၁-၂။ မ၊၂၄း၃၇-၃၉၊ ၄၅-၅၁။ ဒံ၊၂း၃၄-၃၅။ တ၊၂၆း၁၉။ ၂တိ၊၄း၈။**

**II. နောဧ၊ ဒံယေလနှင့် ယောဘတို့၏ အသက်တာများက သုံးပါးတစ်ပါးဘုရားသည် ကိုယ်တော်၏ ထာဝရစီမံကိန်းကို ပြီးပြည့်စုံစေရန် ကိုယ်တော်၏ ရွေးချယ်ခံ၊ ရွေးနုတ်ခံလူများအထဲသို့ မိမိကိုယ်တော်တိုင်ကို ဝေငှဖြန့်ဖြူးခြင်း၊ မိမိကိုယ်တော်တိုင်ကို လုပ်ဆောင်ခြင်းရှိကြောင်း ဖွင့်ပြနေသည်။ သမ္မာကျမ်းစာတစ်အုပ်လုံးသည် သုံးပါးတစ်ပါးဘုရားက ကျွန်ုပ်တို့အထဲသို့ မိမိကိုယ်တော်တိုင်ကို ဝေငှဖြန့်ဖြူး၍၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏ ဘုရားဆိုင်ရာစီမံကိန်း ပြီးမြောက်ပြည့်စုံခြင်းအတွက် ကိုယ်တော်ကို တွေ့ကြုံခံစားခြင်း၊ ကိုယ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းနှင့် ကိုယ်တော်ကို ထင်ရှားစေခြင်းအတွက်ဖြစ်ခြင်း၏ အုပ်စိုးနေသော မူအလေ့အလာအတိုင်း ရေးသားထားခြင်း ဖြစ်သည် - ညွှန်း၊ ၁တိ၊၁း၃-၄။ ဧ၊၃း၂။ ၁ပေ၊၄း၁၀။ ဆာ၊၃၆း၈-၉။ ၂ကော၊၁၃း၁၄။ ဧ၊၃း၁၆-၁၉။**

A. နောနှေင့်အတူ ခမည်းတော်ဘုရားသခင်သည် ကိုယ်တော်၏သစ္စာရှိတော်မူခြင်း၌ ကိုယ်တော်၏ထာဝရပဋိညာဉ် (သက်တံအားဖြင့် ပုံဆောင်ခြင်း) ကို စောင့်ထိန်းတော်မူကြောင်း မြင်ရသည်၊ ယင်းမှာ ကိုယ်တော်၏ထာဝရစီမံကိန်းဖြစ်ပြီး၊ အရာအားလုံးပါဝင်သော ခရစ်တော်ကို ကိုယ်တော်၏ ရွေးချယ်ခံလူများအထဲသို့ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်းနှင့် ဘုန်းတော်အဖြစ် ဝေငှဖြန့်ဖြူး၍၊ သူတို့ကို ခရစ်တော်ဖြစ်တော်မူသမျှအားလုံးကို ပညာရှိစွာ ထုတ်ဖော်ပြသခြင်း ဖြစ်စေရန်ပင် ဖြစ်သည် - က၊၃း၂၄။ ၉း၈-၁၇။ ယေဇ၊ ၁း၂၆-၂၈။ ၃၆း၂၂-၃၈။ မ၊၂၆း၂၈။ ဟေဗြဲ၊၈း၈-၁၂။ ၁ကော၊၁း၉၊ ၂၄-၃၀။ ၂း၉-၁၀။ ဧ၊၂း၁၀။ ၅း၂၆-၂၇။ ဗျာ၊၄း၃။ ၂၁း၁၈-၂၀။

B. ဒံယေလနှင့်အတူ သားတော်ခရစ်တော်သည် ဘုရားသခင့်လှုပ်ရှားမှု၏ အလယ်ဗဟိုဆိုင်ရာနှင့် စကြဝဠာဆိုင်ရာဖြစ်ကြောင်း၊ ဘုရားသခင်၏ထာဝရစီမံကိန်း ပန်းတိုင်မှာ စုပေါင်းထားသောခရစ်တော်၊ ခရစ်တော်နှင့်အောင်မြင်သောသူများကို ရိုက်ချိုးဖျက်သောကျောက်အဖြစ် ရယူ၍၊ ဤခေတ်ကို အဆုံးသတ်ရန် ကိုယ်တော်၏ ခေတ်ကာလဆိုင်ရာ တန်ဆာပလာဖြစ်စေရန်၊ ထိုနောက် မြေကြီးတစ်ပြင်လုံးကို ဘုရားသခင်၏နိုင်ငံတော်ဖြစ်စေခြင်းငှာ မြေကြီးတစ်ပြင်လုံး ပြည့်စေမည့် ကြီးမားသောတောင်ဖြစ်လာစေရန် ဖြစ်ကြောင်း မြင်ရသည် - ဒံ၊၂း၃၁-၄၅။ ၇း၁၃-၁၄။ ၁၀း၄-၉။ ယောလ၊၃း၁၁။ ဗျာ၊၁၂း၁-၂၊ ၅၊ ၁၁။ ၁၉း၇-၂၁။

C. ယောဘနှင့်အတူ ဝိညာဉ်တော်ဘုရားသခင်သည် ကိုယ်တော်၏ချစ်သူများအား သူတို့ ဘုရားသခင်ကို မြင်ရခြင်း၌ သန့်ရှင်းသော ဝိညာဉ်တော်၏ အသစ်ပြုပြင်ခြင်းအားဖြင့် ပုံသဏ္ဍာန်ပြောင်းလဲခြင်း ဖြစ်စဉ်မှတစ်ဆင့် ဘုရားသခင်ကို အမြတ်ရစေ၍၊ ဘုရားသခင်၏ စုပေါင်းထင်ရှားခြင်း၊ ဘုရားသခင်၏ဘုန်းတော်အတွက် ကိုးကွယ်ခံဦးခေါင်းအရာ၌မဟုတ်ဘဲ၊ အသက်၌၊ သဘောသဘာဝ၌၊ သွင်ပြင်သဏ္ဍာန်၌ ဘုရားဖြစ်လာခြင်းအားဖြင့် ဘုရားသခင်၏စိတ်နှလုံးတော်၌ ရှိသောအရာကို သယ်ဆောင်ခြင်းငှာ ဘုရားသခင်အားဖြင့် ပုံသဏ္ဍာန်ပြောင်းလဲစေခြင်းကို မြင်ရသည် - ယောဘ၊၁၀း၁၃။ ၄၂း၅-၆။ ဧ၊၃း၉။ မ၊၅း၈။ ၂ကော၊၃း၁၆-၁၈။ တိတု၊၃း၅။ ၁ကော၊၁၀း၃၁။ ဧ၊၃း၂၀-၂၁။ ဗျာ၊၂၁း၁၀-၁၁။

**III. "သို့သော်၊ နောသည် ယေဟောဝါ၏ မျက်မှောက်တော်၌ ကျေးဇူးတော်ကို တွေ့ရှိလေ၏" - က၊၆း၈။**

A. နောဧ၏ အသက်တာနှင့် အလုပ်က ကျေးဇူးတော်သည် ကျဆင်းသောလူများအဖို့ မည်မျှ လုပ်ဆောင်နိုင်ကြောင်း ဖွင့်ပြနေသည်။ ကျေးဇူးတော်သည် ကျွန်ုပ်တို့၏ ဝန်ကို ထမ်းဆောင်သူအဖြစ် အံ့သြဖွယ်ခရစ်တော် ဖြစ်ပြီး၊ ကျွန်ုပ်တို့၏မွေ့လျော်ဝမ်းမြောက်မှုအတွက် ကျွန်ုပ်တို့၏ကိုယ်စား ကျွန်ုပ်တို့၌ အရာခပ်သိမ်းကို လုပ်ဆောင်ပေးသည် - အငယ်၊၁-၁၄။ မ၊၂၄း၃၇-၃၉။ ၂ကော၊၁၂း၇-၉။

1. အသွေးအသားသည် မာရ်နတ်၏ မျက်မှောက်ဖြစ်ပြီး၊ ကျေးဇူးတော်သည် ဘုရားသခင်၏ မျက်မှောက်တော် ဖြစ်သည်။ ကျွန်ုပ်တို့သည် စာတန်၏မျက်မှောက်ကို ရင်ဆိုင်ဖို့အလို့ငှာ ဘုရားသခင်၏ မျက်မှောက်တော်ကို ကျွန်ုပ်တို့လိုအပ်သည် - က၊၆း၃၊ ၈။ ရော၊၇း၁၇-၂၁။ ဟေဗြဲ၊၄း၁၆။ ၁ကော၊၁၅း၁၀။
2. ကျေးဇူးတော်၏ ရလဒ်မှာ ဖြောင့်မတ်ခြင်းဖြစ်သည်။ ကျေးဇူးတော်၏တန်ခိုး၊ ကျေးဇူးတော်၏ခွန်အားနှင့် ကျေးဇူးတော်၏ အသက်အားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်လည်းကောင်း၊ အချင်းချင်းနှင့်လည်းကောင်း၊ ကျွန်ုပ်တို့ကိုယ်တိုင်နှင့်ပင်လျှင် မှန်ကန်မှု ရှိနိုင်ကြခြင်းဖြစ်သည် - ရော၊၅း၁၇၊ ၂၁။ ၂ပေ၊၂း၅။

B. နောသည် ဘုရားသခင်နှင့်အတူ လျှောက်လှမ်းပြီး၊ ဘုရားဆိုင်ရာစီမံကိန်းကို သယ်ဆောင်ခြင်းအတွက် သင်္ဘောကို တည်ဆောက်ခဲ့သည် - က၊၆း၈-၂၂။ ဟေဗြဲ၊၁၁း၇။ ၁ပေ၊၃း၂၀-၂၁။ မ၊၁၆း၁၈။

1. ကျမ်းစာရှိ ဘုရားသခင်၏ ပထမဆုံးသော တည်ဆောက်ခြင်းမှာ နောဧ၏ သင်္ဘောဖြစ်ပြီး၊ ယင်းမှာ ဘုရားသခင်နှင့် လူ၏ တည်ဆောက်ခြင်းအဖြစ် ခရစ်တော်ကို ပုံဆောင်သည်။ ဘုရားသခင်၏တည်ဆောက်ခြင်းသည် ဘုရား-လူတစ်ဦးဖြစ်သည် - ယော၊၁း၁၄။ ၂း၁၉။ ၁ကော၊၃း၉၊ ၁၆-၁၇။ ဧ၊၂၊၁း၂၊ ၂၂။ ဧ၊၂း၂၂။ ဆာ၊၂၇း၄။
2. သင်္ဘောကို တည်ဆောက်ခြင်းမှာ စုပေါင်းထားသောခရစ်တော်ဖြစ်သည့် ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်သော အသင်းတော်ကို တည်ဆောက်ခြင်းတန်ဆာပလာအဖြစ် ခရစ်တော်၏ကြွယ်ဝခြင်းများဖြင့် တည်ဆောက်ခြင်းကို ပုံဆောင်သည် - မ၊ ၁၆း၁၈။ ၁ကော၊၃း၉-၁၂က။ ဧ၊၃း၈-၁၀။ ၄း၁၂။
3. သင်္ဘော၏ အထပ်သုံးထပ်မှာ ကျွန်ုပ်တို့က ကိုယ်တော်ကို တွေ့ကြုံခံစားမှုအတိုင်းဖြစ်သော သုံးပါးတစ်ပါးဘုရားကို ပုံဆောင်သည်။ အောက်ဆုံးအထပ်ဖြင့် ပုံဆောင်သည့် ဝိညာဉ်တော်သည် သားတော်ကို ကျွန်ုပ်တို့ထံ ခေါ်ဆောင်လာပေးကာ (၁ပေ၊ ၁၄း၆။ ယော၊၁၆း၈၊ ၁၃-၁၅)၊ သားတော်သည် ကျွန်ုပ်တို့၏တွေ့ကြုံခံစားမှု၌ ခမည်းတော်ထံသို့ ပို၍မြင့်စွာ ခေါ်ဆောင်ပေးသည် (၁၄း၆။ ဧ၊၂း၁၈။ ၁ဘော၊၁း၅။ ၄း၈)။
4. သင်္ဘော၏ တတိယအထပ်တွင် ကောင်းကင်များသို့ ပြတင်းပေါက်တစ်ခုတည်းသာ ရှိသည်၊ ယင်းမှာ ဘုရားသခင်၏တည်ဆောက်ခြင်းဖြစ်သည့် အသင်းတော်၌ တစ်ခုတည်းသော ဓမ္မသစ်အမှုတော်မှတစ်ဆင့် တစ်ခုတည်းသော ဖွင့်ပြခြင်းနှင့် တစ်ခုတည်းသောရူပါရုံသာရှိကြောင်း ပုံဆောင်သည် - က၊၆း၁၆။ တ၊၂၆း၁၉။ သု၊၂၉း၁၈က။ ၁တိ၊၁း၃-၄။ ၂ကော၊၃း၆-၉။ ၄း၁။

## IV. ဒံယေလက ကျွန်ုပ်တို့သည် အစိုးထိုက်သောလူများ၊ အစိုးထိုက်တန်ခြင်းကိုယ်တိုင်ပင် ဖြစ်ကာ၊ ကိုယ်တော်၏ကိုယ်ပိုင်ဘဏ္ဍာတော် ဖြစ်ရန် ကိုယ်တော်နှင့်အတူ စေ့စပ်ထုံးဖွဲ့ဖို့ ဘုရားသခင်၏ အလွန်အမင်း အစိုးထိုက်တန်ခြင်းဖြစ်သည့် ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းငှာ အချိန်ကို ရွေးနုတ်ကြရမည်ဖြစ်ကြောင်း ပြသထားသည် - ဒံ၊၉း၂၃။ ၁၀း၁၁၊ ၁၉။ ၁ပေ၊၂း၇။ ထွ၊၁၉း၄-၆။

A. သာလွန်ထူးမြတ်သော ခရစ်တော်သည် ဒံယေလထံသို့ လူတစ်ဦးအဖြစ် ကိုယ်တော်၏အလွန်အမင်း အစိုးထိုက်တန်ခြင်း၌ ထင်ရှားပေါ်လာခဲ့သည်၊ ယင်းမှာ သူ၏ တန်ဖိုးထားခြင်း၊ နှစ်သိမ့်ပေးခြင်း၊ ခွန်အားပေးခြင်း၊ မျှော်လင့်ခြင်းနှင့် ထိန်းမတ်ပေးခြင်းအတွက် ဖြစ်သည် - ဒံ၊၁၀း၄-၉။

1. ခရစ်တော်သည် ကိုယ်တော်၏လူသားဇာတိ၌ ယဇ်ပုရောဟိတ်အဖြစ် ထင်ရှားပေါ်လာပြီး၊ ယင်းကို ပိတ်ချောဝတ်ရုံအားဖြင့် ပုံဆောင်ထားကာ၊ ၎င်းမှာ ကိုယ်တော်၏ရွေးချယ်ခံလူများအား သူတို့၏ဖမ်းဆီးသိမ်းသွားခံရခြင်း၌ ဂရုစိုက်ပေးခြင်းအတွက် ဖြစ်သည် - အငယ်၊၅က။ ထွ၊၂၈း၃၁-၃၅။
2. ခရစ်တော်သည် ကိုယ်တော်၏ဘုရားဇာတိ၌ ကိုယ်တော်၏ရှင်ဘုရင်အရိုက်အရာ၌ ထင်ရှားပေါ်လာသည်၊ ယင်းကို လူများအားလုံးအပေါ်မှာ အုပ်စိုးခြင်းအတွက် ရွှေခါးပန်းအားဖြင့် ပုံဆောင်ထားသည် - ဒံ၊၁၀း၅ခ။
3. ကိုယ်တော်လူများ၏ တန်ဖိုးထားခြင်းအတွက် ခရစ်တော်သည် ကိုယ်တော်၏ အစိုးထိုက်တန်ခြင်းနှင့် ဂုဏ်အသရေတော်၌ ပေါ်လာခဲ့ပြီး၊ ယင်းကို ကိုယ်တော်၏ကိုယ်ခန္ဓာမှာ ကျောက်မျက်ရွဲကဲ့သို့ဖြစ်ခြင်းနှင့် ရည်ညွှန်းထားသည်။ *ကျောက်မျက်ရွဲ* အတွက် ဟေဗြဲစကားလုံးမှာ စိမ်းပြာရောင် သို့မဟုတ် အဝါရောင် ရှိသော ကျောက်ကို ရည်ညွှန်းပြီး၊ ခရစ်တော်သည် သူ၏

ကိုယ်ထင်ရှားခြင်း၌ ဘုရားဆိုင်ရာ (အဝါရောင်)၊ အသက်နှင့်ပြည့်ဝခြင်း (အစိမ်း) နှင့် ကောင်းကင်ဆိုင်ရာ (အပြာရောင်) ဖြစ်ခြင်းကို ပုံဆောင်သည် - အငယ်၊၆က။

4. ခရစ်တော်သည် လူများအပေါ် ထွန်းလင်းခြင်းအတွက် ကိုယ်တော်၏တောက်ပတော်မူခြင်း၌လည်း ပေါ်လာခဲ့ပြီး၊ ယင်းကို ကိုယ်တော်၏မျက်နှာတော်သည် လျှပ်စစ်ပြက်သကဲ့သို့ ထင်ရှားပေါ်လာခြင်းဖြင့် ပုံဆောင်ထားပြီး (အငယ်၊၆ခ)၊ စစ်ဆေးခြင်း နှင့် စီရင်ခြင်းအတွက် အလင်းထွန်းလင်းပေးသော အမြင်၌ ပေါ်လာခဲ့ကာ၊ ယင်းကို မျက်စိတော်သည် မီးရှူးကဲ့သို့ ဖြစ်ခြင်း အားဖြင့် ပုံဆောင်ထားသည် (အငယ်၊၆ဂ)။

5. ခရစ်တော်သည် ကိုယ်တော်၏အလုပ်နှင့် လှုပ်ရှားလုပ်ဆောင်မှု၏ လင်းလက်ခြင်း၌ ပေါ်လာခဲ့သည်၊ ယင်းကို လက်တော်နှင့် ခြေတော်သည် တိုက်ချွတ်ထားသော ကြေးညိုအရောင်အဆင်းကဲ့သို့ ဖြစ်ခြင်းဖြင့် ပုံဆောင်ထားသည် - အငယ်၊၆ဃ။

6. ခရစ်တော်သည် လူတို့ကို တရားစီရင်ခြင်းအတွက် ကိုယ်တော်၏ ပြင်းထန်သော စကားပြောခြင်း၌ ပေါ်လာခဲ့သည်၊ ယင်းကို စကားသံတော်သည် များစွာသောလူစုအသံနှင့်တူခြင်းဖြင့် ပုံဆောင်ထားသည် - အငယ်၊၆င။

B. ဒံယေလသည် ကမ္ဘာလောကအခြေအနေတစ်ခုလုံးမှာ ကောင်းကင်များ၏ဘုရားသခင်အားဖြင့် ကောင်းကင်များ၏ အုပ်စိုးခြင်း အောက်မှာ ရှိကြောင်း၊ ယင်းမှာ ခရစ်တော်ကို အရာခပ်သိမ်း၌ အဦးဆုံးနေရာ၊ ပထမနေရာပေးရန်အလို့ငှာ ဖြစ်ကြောင်း ဖွင့်ပြခြင်း ကို ရရှိခဲ့သည် - ၂း၃၄-၃၅၊ ၄၄-၄၅။ ၇း၉-၁ဝ။ ၄း၃၄-၃၅။ ကော၊၁း၁၅၊ ၁၇-၁၈။ ဗျာ၊၂း၄-၅။

## V. “ထိုအခါ ယေဟောဝါသည် ယောဘစကားကို ပြန်၍ ... မိန့်တော်မူသည်ကား” (ယောဘ၊၃၈း၁က)။ “ယောဘသည် ယေဟောဝါအား ပြန်လျှောက်သည်ကား” (၄၂း၁က)။ “သူ၏ဖမ်းဆီးသိမ်းသွားခံရခြင်းမှ ယေဟောဝါသည် လှည့်ပြောင်းစေ၍ ... ယောဘအား ပေး တော်မူ၏” (အငယ်၊၁ဝက)။

A. ယောဘမိတ်ဆွေတို့၏ တွေးခေါ်မှုစနစ်မှာ ကောင်းမကောင်းသိကျွမ်းရာအပင်၏ လမ်းကြောင်းအတိုင်း ဖြစ်ပြီး၊ ယောဘ၏ ဒုက္ခ ဆင်းရဲခံရခြင်းသည် ဘုရားသခင်၏တရားစီရင်မှုအကြောင်းအရာဖြစ်သည်ဟု စဉ်းစားကြသည်။ သို့သော် ယောဘ၏ ဒုက္ခဆင်းရဲ ခံရခြင်းမှာ ဘုရားသခင်၏ ကုန်ဆုံးစေခြင်းဖြစ်ပြီး၊ ထိုသို့ဖြင့် ဘုရားသခင်သည် ယောဘကို ရယူနိုင်ကာ၊ သူသည် ဘုရားသခင်ကို ပို၍ ရရှိနိုင်မည်ဖြစ်သည် - ၉း၁၅။ ၁၁း၁၂။ ၁၃း၄။ ဖိ၊၃း၈၊ ၁၂-၁၃။

1. ယောဘနှင့်အတူ ဘုရားသခင်၏ရည်ရွယ်ချက်မှာ မိမိ၏စုံလင်ခြင်းနှင့် ဖြောင့်မတ်ခြင်း၌ ဇာတိဆန်သော ယောဘကို ဖြိုချ၍၊ ဘုရားသခင်၏သဘောသဘာဝနှင့် ဂုဏ်အင်္ဂါများ၌ အသစ်ပြုပြင်ခံရသော ယောဘကို တည်ဆောက်ပေးရန် ဖြစ်သည် - ယောဘ၊၁း၁။ တိတု၊၃း၅။

2. ဘုရားသခင်၏ရည်ရွယ်ချက်မှာ ယောဘအား ဘုရားသခင်ကို နက်ရှိုင်းစွာ ရှာဖွေခြင်းအထဲသို့ ခေါ်ဆောင်ပေး၍၊ ထိုသို့ဖြင့် ယောဘသည် မိမိ၏လူသားအသက်တာ လိုအပ်နေလျက်ရှိနေသည့်အရာမှာ ဘုရားသခင်ကိုယ်တော်တိုင်ပင် ဖြစ်ကြောင်း၊ သူ သည် ဘုရားသခင်ကို ရှာဖွေဆည်းပူး၍၊ ဘုရားသခင်ကို ရယူရန်၊ ဘုရားသခင်ကို ထင်ရှားစေရန်ဖြစ်ကြောင်း သိနားလည်စေ ဖို့ ဖြစ်သည် - ကော၊၂း၁၉။

3. ဘုရားသခင်၏ရည်ရွယ်ချက်မှာ ယောဘကို အသက်ပင်၏ လမ်းကြောင်း၌ရှိစေရန်နှင့် ယောဘကို ဘုရားသခင်၏လူဖြစ်စေ ရန် ဖြစ်သည် - က၊၂း၉။ ၁တိ၊၆း၁၁။ ၂တိ၊၃း၁၇။ ဧ၊၃း၁၄-၂၁။

B. ယောဘစာစောင်က စာစောင်ခြောက်ဆယ့်ခြောက်စောင်ပါသော သမ္မာကျမ်းစာသည် တစ်ခုတည်းသောအရာအတွက်သာဖြစ် ကြောင်း ဖွင့်ပြပေးသည်၊ ယင်းမှာ ခရစ်တော်၌ ဘုရားသခင်သည် ဝိညာဉ်တော်အားဖြင့် မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့၏အသက်၊ ကျွန်ုပ်တို့၏သဘောသဘာဝနှင့် ကျွန်ုပ်တို့၏အရာခပ်သိမ်းအဖြစ် ကျွန်ုပ်တို့အထဲသို့ ဝေငှဖြန့်ဖြူးရန်၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ခရစ် တော်ကို အသက်ရှင်၍၊ ခရစ်တော်ကို ထင်ရှားရန်ဖြစ်သည်။ ဤအရာသည် ကျွန်ုပ်တို့၏အသက်တာကို အုပ်စိုးနေသော မူအလေ့ အလာဖြစ်သင့်ပါသည် - ယောဘ၊၁ဝး၁၃။ ဧ၊၃း၉။ ဖိ၊၃း၈-၉။ ဧ၊၁း၂၂-၂၃။ ၂း၁၅။ ဗျာ၊၂၁း၂။

C. ဤမူအလေ့အလာ၌ အသက်ရှင်ခြင်းနှင့် လုပ်ဆောင်ခြင်းနည်းလမ်းသည် အရာခပ်သိမ်းကို ကျွန်ုပ်တို့ဝိညာဉ်လေ့ကျင့်ခြင်းအားဖြင့် ဝိညာဉ်တော်အားဖြင့်၊ ဝိညာဉ်တော်နှင့်အတူ၊ ဝိညာဉ်တော်၌၊ ဝိညာဉ်တော်မှတစ်ဆင့် ရရှိရန်နှင့် လုပ်ဆောင်ရန်ဖြစ်သည် - ဂလ၊ ၅း၂၅။ ရော၊၈း၄။ ဖိ၊၃း၃။ ဗျာ၊၂း၇။ ၂၂း၁၇က။

*© 2026 Living Stream Ministry*

Message Two

## နောနှင့်အတူ အသက်၏လမ်းကြောင်း -
## ခေတ်ကိုပြောင်းလဲသော အသက်တာနှင့်အလုပ်

ဖတ်ရန်ကျမ်း။ ။ က၊၆း၅-၁၄။ ဟေဗြဲ၊၁၁း၇

**I. နောသည် ဘုရားသခင်၌ ယုံကြည်ခဲ့သည်၊ ဘုရားသခင်နှင့်အတူ လျှောက်လှမ်းခဲ့သည်၊ ဘုရားသခင်ကို ကျေနပ်ဝမ်းမြောက်စေသည်၊ ဘုရားသခင်ဖြစ်တော်မူသမျှအားလုံးကို မွေ့လျော်ဝမ်းမြောက်ခဲ့သည်။**

A. စာတန်သည် လူကို အဆုံးစွန်အထိ ယိုယွင်းပျက်စီးစေပြီး၊ ဘုရားသခင်သည် ကိုယ်တော်၏အကြံအစည်တော်အတွက် ဖန်ဆင်းခဲ့သည့် လူကို ဖျက်ဆီးရန် ဆုံးဖြတ်တော်မူရလေသည်။

B. သို့ဖြစ်၍ ဘုရားသခင်သည် ရှုံးနိမ့်ရသကဲ့သို့ ထင်ရလေသည်၊ *သို့သော် နောသည်* ဟူသောအချက်က ဘုရားသခင်အား လူနှင့်အတူ ကိုယ်တော်၏နဂိုမူလ အကြံအစည်တော်ကို ဆက်လက် သယ်ဆောင်စေခြင်းငှာ လမ်းဖွင့်ပေးသည့် အုပ်စိုးနေသော အကြောင်းရင်းကို ညွှန်ပြနေသည်။

C. နော၏အသက်တာနှင့် အလုပ်မှတစ်ဆင့် ဘုရားသခင်သည် ကိုယ်တော်၏ရန်သူအပေါ် အောင်နိုင်ခဲ့၍၊ ခေတ်ကို ပြောင်းလဲစေတော်မူခဲ့သည်။

**II. နော၏အသက်တာသည် ခေတ်ကို ပြောင်းလဲစေသော အသက်တာဖြစ်သည် - ညွှန်း၊ ဗိ၊၁း၁၉-၂၁က။**

A. ခေတ်ကို ပြောင်းလဲစေသော အသက်တာသည် ဘိုးဘေးတို့၏ ဘုရားဝတ်မွေ့လျော်သော နည်းလမ်းများကို အမွေခံရသည့် အသက်တာဖြစ်သည်။

1. နောသည် အာဒံ၏ ကယ်တင်ခြင်းနည်းလမ်းကို အမွေခံရ၍၊ မိန်းမ၏မျိုးစေ့အဖြစ် ခရစ်တော်၏ ကတိတော်နှင့် ဘုရားသခင်ကို ကျေနပ်အားရစေသော ဖြောင့်မတ်ခြင်းအဖြစ် ခရစ်တော်၏ဖုံးအုပ်ခြင်းတို့ကို ရရှိခဲ့သည် - က၊၃း၁၅၊ ၂၀-၂၁။ ညွှန်း၊ ဟေရှာ၊၁၂း၂။

2. နောသည် အာဗေလ၏ ယဇ်ပူဇော်ခြင်း နည်းလမ်းကို အမွေခံရပြီး၊ ယင်းသည် ကျွန်ုပ်တို့၏အပြစ်များအတွက် ယဇ်အဖြစ်သာမက၊ ဘုရားသခင်ကို ကျေနပ်ဝမ်းမြောက်စေဖို့ လက်ဆောင်အဖြစ် ခရစ်တော်ကို ဘုရားသခင်ထံသို့ ပူဇော်ခြင်းပင်ဖြစ်သည် - က၊၄း၄။

3. နောသည် ဧနုတ်၏ ယေဟောဝါ၏နာမတော်ကို ခေါ်၍ ကိုယ်တော် ဖြစ်တော်မူသမျှအားလုံးကို မွေ့လျော်ဝမ်းမြောက်ခြင်းနည်းလမ်းကို အမွေခံခဲ့သည် - အငယ်၊၂၆။ ယေ၊၃၃း၃။ ရော၊၁၀း၁၂။ ၂တိ၊၂း၂၂။

4. နောသည် ဧနောက်၏ ဘုရားသခင်နှင့်အတူ လျှောက်လှမ်းခြင်းနည်းလမ်းကို အမွေခံရပြီး၊ ယင်းသည် ဘုရားသခင်ကို ကျွန်ုပ်တို့၏ အလယ်ဗဟိုနှင့် အရာခပ်သိမ်းအဖြစ် ယူဆောင်၍၊ အရာခပ်သိမ်းကို ဘုရားသခင်အတိုင်း၊ ဘုရားသခင်နှင့်အတူ လုပ်ဆောင်ခြင်းပင် ဖြစ်သည် - က၊၅း၂၂-၂၄။ ဟေဗြဲ၊၁၁း၅-၆။ ၂ကော၊၅း၄၊ ၉၊ ၁၄-၁၆။ ၆း၁။

B. ဘုရားသခင်က နောအား သူအသက်ရှင်နေထိုင်သည့် ဖောက်ပြန်ယိုယွင်းနေသောခေတ်၏ အခြေအနေမှန်ကို ပြသပေးခဲ့သည် - က၊၆း၃၊ ၅၊ ၁၁၊ ၁၃။ မ၊၂၄း၃၇-၃၉။ ၂တိ၊၃း၁-၅။

C. "*သို့သော် နောသည်* ယေဟောဝါရှေ့တော်၌ မျက်နှာရ (ကျေးဇူးတော်တွေ့ရှိ) လေ၏" - က၊၆း၈။

1. စာတန်သည် အခြေအနေကို ယိုယွင်းပျက်စီးစေရန် သူအတတ်နိုင်ဆုံး လုပ်ဆောင်ပြီးသည့်အခါ၊ ခေတ်ကို ပြောင်းလဲစေသောသူများဖြစ်လာခြင်းငှာ ဘုရားသခင်၏အမြင်၌ ကျေးဇူးတော်ကို တွေ့ရှိကြသည့်သူအချို့ အမြဲပင် ရှိလေသည် - ညွှန်း၊ ဒံ၊၁း၈။ ၉း၂၃။ ၁၀း၁၁၊ ၁၉။

2. ကမ္ဘာဦးကျမ်း၏မှတ်တမ်းရှိ အဓိကရည်ရွယ်ချက်မှာ ကျဆင်းခြင်းကို ပြသရန်မဟုတ်ဘဲ၊ ဘုရားသခင်၏ကျေးဇူးတော်က ကျဆင်းသောလူတို့အတွက် မည်မျှ လုပ်ဆောင်ပေးနိုင်ကြောင်း ပြသပေးခြင်းဖြစ်သည်။

a. ကျေးဇူးတော်သည် ဘုရားသခင်ကိုယ်တော်တိုင်၊ ဘုရားသခင်၏မျက်မှောက်တော်ဖြစ်ပြီး၊ ကျွန်ုပ်တို့ထံ အရာခပ်သိမ်းဖြစ်ရန်၊ ကျွန်ုပ်တို့၌၊ ကျွန်ုပ်တို့မှတစ်ဆင့်၊ ကျွန်ုပ်တို့အတွက် အရာခပ်သိမ်းလုပ်ဆောင်ရန် ကျွန်ုပ်တို့မွေ့လျော်ဝမ်းမြောက်ရခြင်းပင် ဖြစ်သည် - ယော၊၁း၁၄၊ ၁၆-၁၇။ ဗျာ၊၂၂း၂၁။

b. သခင်ဘုရားကို ကျေးဇူးတော်အဖြစ် မွေ့လျော်ဝမ်းမြောက်ရခြင်းမှာ ကိုယ်တော်ကို ချစ်သောသူတို့နှင့်အတူ ဖြစ်သည် - ဧ၊၆း၂၄။ ယော၊၂၁း၁၅-၁၇။

c. သုံးပါးတစ်ပါးဘုရား၏ ပေါ်မျှားကြွယ်သော မစမူအဖြစ် သခင်ယေရှုခရစ်၏ ကျေးဇူးတော်သည် ကျွန်ုပ်တို့၏လူသား ဝိညာဉ်ကို လေ့ကျင့်ခြင်းမှတစ်ဆင့် ကျွန်ုပ်တို့ မွေ့လျော်ဝမ်းမြောက်ရခြင်း ဖြစ်သည် - ဟေဗြဲ၁၀း၂၉ခ။ ဂလ၆း၁၈။ ဖိ၊ ၄း၂၃။ ဖိလေ၊၂၅။ ၂တိ၊၄း၂၂။

d. ဘုရားသခင်၏စကားတော်သည် ကျေးဇူးတော်၏စကားဖြစ်သည် - တ၊၂၀း၃၂။ ကော၊၃း၁၆။ ညွှန်း၊ ယေ၊၁၅း၁၆။

e. ကျွန်ုပ်တို့သည် အဆင့်ဆင့်ဖြတ်ကျော်သည့် သုံးပါးတစ်ပါးဘုရားကို တစ်လုံးတစ်ဝဖြစ်ခြင်း၏ အခြေပြုနေရာပေါ်မှာ သန့်ရှင်းသူများနှင့်အတူ စည်းဝေးခြင်း၌ အသက်၏ကျေးဇူးတော်အဖြစ် တွေ့ကြုံခံစားကြသည် - ဆာ၊၁၃၃း၃။ ၁ပေ၊ ၃း၇။ တ၊၄း၃၃။ ၁၁း၂၃။

f. ကျွန်ုပ်တို့သည် ဒုက္ခဆင်းရဲများနှင့် ဘေးဒုက္ခများအလယ်မှာ ကျွန်ုပ်တို့၏ တိုးပွားလာသော၊ အရာအားလုံး လုံလောက်ပြည့်စုံသော ကျေးဇူးတော်အဖြစ် သခင်ဘုရားကို တွေ့ကြုံခံစားနိုင်ကြသည် - ၂ကော၊၁၂း၉။

g. ကျွန်ုပ်တို့သည် ကိုယ်တော်၏ကျေးဇူးတော်တန်ခိုးတော်၌ သခင်ဘုရားအတွက် အားထုတ်လုပ်ဆောင်ရန် လိုအပ်သည် - ၁ကော၊၁၅း၁၀၊၅၈။ ၃း၁၂။

h. ကျွန်ုပ်တို့သည် ဘုရားသခင်၏ အထူးထူးအပြားပြားသော ကျေးဇူးတော်၏ ဘဏ္ဍာစိုးကောင်းများဖြစ်ရန် လိုအပ်သည် - ၁ပေ၊၄း၁၀။ ဧ၊၃း၂။ ၂ကော၊၁း၁၅။ ဧ၊၄း၂၉။

i. ကျေးဇူးတော်၏တန်ခိုး၊ ကျေးဇူးတော်၏ခွန်အားနှင့် ကျေးဇူးတော်၏အသက်အားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် လည်းကောင်း၊ အချင်းချင်းနှင့်လည်းကောင်း မှန်ကန်နိုင်ကြသည်။ ကျေးဇူးတော်သည် ဖြောင့်မတ်ခြင်းကို ထွက်ပေါ်စေသည် - ဟေဗြဲ၁၁း၇။ ရော၊၅း၁၇၊ ၂၁။

## III. နောဧ၏အလုပ်သည် ခေတ်ကို ပြောင်းလဲစေသော အလုပ်ဖြစ်သည် - ၁ကော၊၃း၉။ ၂ကော၊၆း၁။ မ၊၁၆း၁၈။ ၁ကော၊၃း၁၂။

A. ဘုရားသခင်သည် နောဧအား အရာအားလုံးပါဝင်သော ဖွင့်ပြခြင်း၊ ထပ်တိုး၍ ဖွင့်ပြခြင်း၊ သင်္ဘောတည်ဆောက်ရန် ဖွင့်ပြခြင်းကို ပေးခဲ့သည်၊ ယင်းမှာ ဘုရားသခင်သည် ယိုယွင်းဖောက်ပြန်နေသော မျိုးဆက်ကို အဆုံးသတ်၍ အသစ်သော ခေတ်ကို ယူဆောင်လာရန် နည်းလမ်းပင်ဖြစ်သည်။

1. သင်္ဘောသည် ခရစ်တော်၏ ပုံဆောင်ချက်ဖြစ်သည် (၁ပေ၊၃း၂၀-၂၁) - တစ်ဦးချင်းဆိုင်ရာ ခရစ်တော်ကိုသာမ၊ ခရစ်တော်၏ ကိုယ်ခန္ဓာတော်တည်းဟူသော အသင်းတော်ဖြစ်သည့် စုပေါင်းထားသော ခရစ်တော်နှင့် ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံမည့် လူသစ်ကိုလည်း ပုံဆောင်သည် (မ၊၁၆း၁၈။ ၁ကော၊၁၂း၁၂။ ဧ၊၂း၁၅-၁၆။ ကော၊၃း၁၀-၁၁။ ဗျာ၊၂၁း၂)။

2. သင်္ဘောကို တည်ဆောက်ခြင်းမှာ စုပေါင်းထားသော ခရစ်တော်ကို တည်ဆောက်ခြင်းအား ပုံဆောင်ပြီး၊ တည်ဆောက်ခြင်းတန်ဆာပလာအဖြစ် ခရစ်တော်၏ကြွယ်ဝခြင်းများ ဒြပ်သဘာဝဖြင့်၊ ဘုရားသခင်နှင့်အတူတကွ လုပ်ဆောင်သောသူများအားဖြင့် တည်ဆောက်ခြင်းဖြစ်သည် - ၁ကော၊၃း၉-၁၂က။ ဧ၊၄း၁၂။ ၂း၂၂။

3. ဤတည်ဆောက်ခြင်းသည် ခရစ်တော်က လူများအထဲသို့ လုပ်ဆောင်ခြင်းဖြင့် သူတို့ကို ခရစ်တော်အားဖြင့် အတူတကွ တည်ဆောက်ပေးခြင်းဖြစ်ကာ၊ ထိုသို့ဖြင့် သူတို့သည် အသွေးအသား၌ ဘုရားသခင်၏ထင်ရှားပေါ်ထွန်းခြင်း ဖြစ်လာနိုင်မည်ဖြစ်သည် - ၁တိ၊၃း၁၅-၁၆။

a. ကျွန်ုပ်တို့၏အလုပ်၌ အရေးကြီးသည့် အကြောင်းအရာမှာ တည်ဆောက်ပေးသော၊ တည်ဆောက်ခံသော ဘုရားသခင်ကို အခြားသူများအထဲသို့ အမှုဆောင်ပေးခြင်းဖြစ်သည်၊ သို့မှသာ သုံးပါးတစ်ပါးဘုရားသည် မိမိကိုယ်တော်တိုင်ကို သူတို့ဖြစ်ခြင်းအထဲသို့ တည်ဆောက်နိုင်မည်ဖြစ်သည် - မ၊၁၆း၁၈။ ဧ၊၂း၂၁-၂၂။ ၃း၁၇က။ ၁ကော၊၁၄း၄ခ။

b. ကျွန်ုပ်တို့သည် အရာတစ်ခုကို လက်တွေ့ကျင့်သုံးရမည် - အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသော သုံးပါးတစ်ပါးဘုရားကို အခြားသူများအထဲသို့ အမှုဆောင်ပေး၍၊ ထိုသို့ဖြင့် ကိုယ်တော်သည် သူတို့၏ အတွင်းလူအထဲသို့ မိမိကိုယ်တော်တိုင် တည်ဆောက်နိုင်ရန် ဖြစ်သည်။ သခင်ဘုရားသည် ကျွန်ုပ်တို့အား ဤနည်းလမ်း၌ လုပ်ဆောင်ရန် သွန်သင်ပေးပါမည့်အကြောင်း ဆုတောင်းရန် လိုအပ်သည် - ၂ကော၊၁၃း၁၄။ ၁ကော၊၃း၉က၊ ၁၀၊ ၁၂။ ရော၊၁၁း၃၆။

B. အသင်းတော်ကို တည်ဆောက်ခြင်းနှင့် အသင်းတော်အသက်တာအထဲသို့ ဝင်ရောက်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ဘေးဒဏ်ကြီးကာလမှတစ်ဆင့် ယနေ့၏ ဆိုးညစ်သော မျိုးဆက်ကို ဘုရားသခင်တရားစီရင်ခြင်းမှ ကယ်တင်ခံရကြမည်ဖြစ်ပြီး၊ ထိုမျိုးဆက်မှ ခွဲခြားခံရ၍၊ အသစ်သောခေတ်၊ မိလေနိခေတ်ကာလအထဲသို့ ကြိုဆိုနေရာချခြင်း ခံရကြလိမ့်မည်ဖြစ်သည် - ဟေဗြဲ၁၁း၇။ မ၊ ၂၄း၃၇-၃၉။ လု၊၁၇း၂၆-၂၇။

© 2026 Living Stream Ministry

Message Three

## ဒံယေလနှင့် သူ၏အပေါင်းအဖော်များနှင့်အတူ မြင်ရသည့် အောင်မြင်သောသူများ၏ အောင်နိုင်ခြင်း

ဖတ်ရန်ကျမ်း။ ။ ဒံ၁ - ၆

**I. သခင်ဘုရားပြန်လည်ရယူခြင်း၏ မူအလေ့အလာကို "ဒံယေလနှင့် သူ၏အပေါင်းအဖော်များ" (ဟာနနိ၊ မိရှေလနှင့် အာဇရိ) နှင့်အတူ မြင်ရသည်၊ အောင်မြင်သောသူများအဖြစ် သူတို့သည် စာတန်၏လုည့်စားခြင်းများအပေါ် သူတို့အောင်နိုင်ခြင်း၌ ဘုရားသခင်နှင့် အကြွင်းမဲ့ တစ်လုံးတစ်ဝဖြစ်ကြသောသူများ ဖြစ်သည် - ဒံ၂း၁၃၊ ၁၇။ ညွှန်း၊ ဗျာ၁၇း၁၄။ မ၂၂း၁၄။**

A. ဒံယေလနှင့် သူ၏အပေါင်းအဖော်များကို မာရ်နတ်ဆိုင်ရာ စုံစမ်းသွေးဆောင်ခြင်း၌ နေဗုခဒ်နေဇာသည် ဘုရားသခင်ထံသို့ သူတို့ ပိုင်ဆိုင်ခံရကြောင်း ညွှန်ပြသည့် အမည်များမှ သူတို့ကို ရုပ်တုနှင့်တစ်လုံးတစ်ဝဖြစ်စေမည့် အမည်များသို့ ပြောင်းပေးခဲ့သည် - ဒံ၁း၆-၇။

B. "ဘုရားသခင်သည် ငါ၏တရားသူကြီးဖြစ်သည်"ဟု ဆိုလိုသော ဒံယေလဟူသော အမည်ကို "ဗေလ၏မင်းသား" သို့မဟုတ် "ဗေလ၏ အနှစ်သက်ဆုံး" ဟု အဓိပ္ပာယ်ရသော ဗေလတရှာဇာအဖြစ်သို့ ပြောင်းပေးခဲ့သည် - ယေရှာ၄၆း၁။

C. "ယာက ကျေးဇူးတော်ဖြင့် ပေးခဲ့ပြီ" သို့မဟုတ် "ယာ၏ စိတ်တော်နှင့်တွေ့ပြီ" ဟု အဓိပ္ပာယ်ရသော ဟာနနိအမည်ကို "နေဘုရားအားဖြင့် အလင်းပေးခြင်းခံရပြီ" ဟု အဓိပ္ပာယ်ရသော ရှာဒရက်အဖြစ်သို့ ပြောင်းပေးခဲ့သည်။

D. "မည်သူသည် ဘုရားဖြစ်ခြင်းနှင့်တူသနည်း" ဟု အဓိပ္ပာယ်ရသော မိရှေလအမည်ကို မည်သူသည် "နတ်သမီး ရှက်ခ်နှင့် တူနိုင်သနည်း" ဟု အဓိပ္ပာယ်ရသော မေရှက်အဖြစ်သို့ ပြောင်းပေးခဲ့သည်။

E. "ယာသည် ကူညီမစပြီ"ဟု အဓိပ္ပာယ်ရသော အာဇရိ အမည်ကို "မီးဘုရားနေဂေါ၏ သစ္စာရှိသောအစေခံ" ဟု အဓိပ္ပာယ်ရသော အဗေဒ-နေဂေါအဖြစ်သို့ ပြောင်းပေးခဲ့သည်။

**II. ဒံယေလနှင့် သူ၏အပေါင်းအဖော်များသည် နတ်ဆိုးဆိုင်ရာ အစားအစာအပေါ် အောင်နိုင်ခဲ့ကြသည် - ဒံ၁။**

A. နေဗုခဒ်နေဇာ၏ မာရ်နတ်ဆိုင်ရာ စုံစမ်းသွေးဆောင်ခြင်းမှာ ရှေးဦးစွာ သိမ်းသွားခြင်းခံရသည့် ဘုရားသခင်၏ရွေးချယ်ခံများမှ ဆင်းသက်လာသော ထူးခြားပြောင်မြောက်သူ လူငယ်လေးဦးဖြစ်သည့် ဒံယေလနှင့် သူ၏အပေါင်းအဖော်သုံးဦးအား ရုပ်တုများထံ ပူဇော်ထားသော သူ၏ မသန့်ရှင်းသောအစားအစာဖြင့် ညစ်ညူးစေရန် သွေးဆောင်ခြင်းဖြစ်သည်။

B. ဒံယေလနှင့် သူ၏အပေါင်းအဖော်သုံးဦးအနေဖြင့် ထိုအစားအစာကို စားသောက်မည်ဆိုလျှင်၊ ယင်းမှာ ညစ်ညူးမှုကို ယူဆောင်ခြင်း၊ ရုပ်တုများကို ယူဆောင်ခြင်းဖြစ်၍၊ စာတန်နှင့်တစ်လုံးတစ်ဝဖြစ်သွားမည်ဖြစ်သည် - ညွှန်း၊ ၁ကော၁၀း၁၉-၂၁။

C. ဒံယေလနှင့် သူ၏အပေါင်းအဖော်တို့သည် နေဗုခဒ်နေဇာ၏ မသန့်ရှင်းသော အစားအစာကို စားရန်ငြင်းပယ်ကာ၊ အသီးအရွက်ကိုသာ စားသုံးရန် ရွေးချယ်ခြင်းမှာ (ဒံ၁း၈-၁၆) အလေ့အလာ၌ သူတို့သည် ကောင်းမကောင်း သိကျွမ်းရာအပင် (ညွှန်း၊ က၊၃း၁-၆) ကို ငြင်းပယ်ကာ၊ သူတို့ကို ဘုရားသခင်နှင့် တစ်လုံးတစ်ဝဖြစ်စေသော အသက်ပင်ကို ယူဆောင်ခဲ့ခြင်းဖြစ်သည် (ညွှန်း၊ ၂း၉၊ ၁၆-၁၇)။

D. သခင်ဘုရား၏ပြန်လည်ရယူခြင်းသည် အသင်းတော်ကို တည်ဆောက်ခြင်းအတွက် ယေရှုကို စားသုံးခြင်းအား ပြန်လည်ရယူခြင်းဖြစ်သည် - အငယ်၊၉၊ ၁၆-၁၇။ ဗျာ၂း၇၊ ၁၇။ ၃း၂၀။

E. ကျွန်ုပ်တို့သည် ကိုယ်တော်၏စကားတော်များကို စားသုံးခြင်းအားဖြင့်လည်းကောင်း၊ စင်ကြယ်သောစိတ်နှလုံးထဲက ကိုယ်တော်ကို ခေါ်သောသူတို့အား ဂရုတစိုက် ဆက်သွယ်ခြင်းနှင့် သူတို့နှင့်အတူ ရှိခြင်းအားဖြင့်လည်းကောင်း ယေရှုကို စားသုံးနိုင်ကြသည် - ယေ၁၅း၁၆။ ၂တိ၂း၂၂။ ၁ကော၁၅း၃၃။ သု၁၃း၂၀။

**III. ဒံယေလနှင့် သူ၏အပေါင်းအဖော်များသည် လူသားသမိုင်းအတွင်းရှိ ဘုရားဆိုင်ရာသမိုင်းအဖြစ် ကြီးမားသောလူသားရုပ်တုနှင့် ရိုက်ချိုးသောကျောက်ကို မြင်ခြင်းမှ လူတို့အား တားဆီးနေသည့် မာရ်နတ်ဆိုင်ရာ မျက်စိကန်းစေခြင်းအပေါ် အောင်နိုင်ခဲ့ကြသည် - ဒံ၂။**

A. ကျောက်နှင့် တောင်ကြီး၊ သတို့သမီးနှင့်အတူ သတို့သား၊ ဘုရားသခင်၏အသက်လေနှင့်အတူ ဘုရားသခင်၏ စုပေါင်းထားသောလူအဖြစ် စုပေါင်းထားသော ခရစ်တော်သည် အန္တိခရစ်နှင့် သူ၏စစ်တပ်များကို ကိုယ်တော်၏နှုတ်တော်မှ အသက်လေ၊ သန်လျက်

ဓားဖြင့် ချေမှုန်း၍ သတ်ဖြတ်လိမ့်မည်ဖြစ်သည် - အငယ်၊၃၄-၃၅၊ ၄၄-၄၅။ ၂သက်၊၂း၈။ ဗျာ၊၁၉း၁၁-၂၁။ ကာ၊၁၁း၄-၉။ ညွှန်း၊ ဟေရှာ၊၃၃း၂၂။

B. ဘုရားသခင့်တည်ဆောက်ခြင်း၏ အသက်ရှင်၍ အဖိုးတန်သောကျောက်၊ တိုက်မြစ်ကျောက်၊ တိုက်ထောင့်ကျောက်၊ အထွတ်ကျောက်ဖြစ်သော ခရစ်တော်သည် အဖိုးထိုက်တန်ခြင်းအဖြစ် မိမိကိုယ်တော်တိုင်ဖြင့် ကျွန်ုပ်တို့ကို ဖြည့်သွင်းပေး၍၊ ကျွန်ုပ်တို့ကို ကိုယ်တော်၏တည်ဆောက်ခြင်းအတွက် အသက်ရှင်၍ အဖိုးတန်သော ကျောက်များအဖြစ်သို့ ပုံသဏ္ဌာန်ပြောင်းလဲပေးနေသည် - ၁ပေ၊၂း၄-၈။ ဟေရှာ၊၂၈း၁၆။ ဇာ၊၃း၉။ ၄း၇၊ ၉-၁၀။

## IV. ဒံယေလနှင့် သူ၏အပေါင်းအဖော်များသည် ရုပ်တုကိုးကွယ်ခြင်း၏သွေးဆောင်ဖြားယောင်းမှုအပေါ် အောင်နိုင်ခဲ့ကြသည် - ဒံ၊၃။ ညွှန်း၊ မ၊၄း၉-၁၀။

A. ကျွန်ုပ်တို့၏အသစ်မွေးဖွားခံရသော ဝိညာဉ်ရှိ ဟုတ်မှန်သော ဘုရားသခင်မဟုတ်သည့် အရာမှန်သမျှမှာ ဘုရားသခင်ကို အစားထိုးနေသော ရုပ်တုပင်ဖြစ်သည်။ ဝိညာဉ်၌မရှိသော သို့မဟုတ် ဝိညာဉ်၏အရာမဟုတ်သော အရာမှန်သမျှသည် ရုပ်တုဖြစ်သည် - ၁ယော၊၅း၂၁။

B. ကိုယ်ခန္ဓာတော်၏ ရန်သူမှာ မိမိ၏အတ္တစိတ်ဝင်စားမှု၊ အတ္တချီးမြှောက်ခြင်း၊ အတ္တဘုန်းအသရေ၊ အတ္တလုပ‌ခြင်းနှင့် အတ္တခွန်အားတို့ဖြင့် ဘုရားသခင်ကို အစားထိုးနေသည့် အတ္တပင် ဖြစ်သည်။ ကိုယ်ခန္ဓာတော်၌၊ ကိုယ်ခန္ဓာတော်အတွက် ကျွန်ုပ်တို့သည် အတ္တကို ငြင်းပယ်၍၊ မိမိကိုယ်ကို မဟောပြောဘဲ၊ ခရစ်တော်ယေရှုကို သခင်အဖြစ် ဟောပြောခြင်း ရှိကြသည် - မ၊၁၆း၂၄။ ၂ကော၊၄း၅။

C. ဒံယေလ၏ အပေါင်းအဖော်များသည် စစ်မှန်သော မာတုရ၏ဝိညာဉ် ရှိကြသည်။ သူတို့သည် တုနှိုင်းရာမဲ့ဘုရားသခင်အဖြစ် သခင်ဘုရားအတွက် ရပ်တည်ကြပြီး၊ မိမိတို့အသက်ကို စတေးလျက်၊ နေဗုခဒ်နေဇာက သူတို့အား မီးတောက်နေသော မီးဖိုအထဲသို့ ပစ်ချရန် အမိန့်ပေးခံရသည့်တိုင် ရုပ်တုကိုးကွယ်ခြင်းကို ဆန့်ကျင်ခဲ့ကြသည် - ဒံ၊၃း၁၉-၂၃။

D. နေဗုခဒ်နေဇာသည် မီးပြင်းဖိုအထဲသို့ ကြည့်သောအခါ၊ မီးအလယ်မှာ သွားလာနေသော လူလေးဦးကို မြင်ခဲ့သည် (အငယ်၊၂၄-၂၅)။ စတုတ္ထမြောက်တစ်ဦးသည် လူသားတော်အဖြစ် သာလွန်ထူးမြတ်သော ခရစ်တော်ဖြစ်ပြီး၊ ကိုယ်တော်၏ ဒုက္ခခံရသော၊ ညှဉ်းပန်းနှိပ်စက်ခံရသော အောင်မြင်သောသူသုံးဦးနှင့်အတူ ရှိရန် ကြွလာ၍၊ မီးကို သွားလာရန် နှစ်လိုဖွယ်သောနေရာ ဖြစ်စေခဲ့လေသည်။

E. အောင်မြင်သောသူသုံးဦးသည် ဘုရားသခင်အား သူတို့ကို မီးပြင်းဖိုထဲမှ ကယ်ထုတ်ရန် တောင်းခံဖို့ မလိုအပ်ပေ (ညွှန်း၊ အငယ်၊ ၁၇)။ လူသားတော်ဖြစ်သော ခရစ်တော် - အရာခပ်သိမ်း၌ ဘုရားသခင်၏လူများနှင့်အတူ စာနာသနားရန် အရည်အချင်းရှိကာ၊ တတ်စွမ်းနိုင်သော အရှင် (ဟေဗြဲ၊၄း၁၅-၁၆) - သည် သူတို့၏ အပေါင်းအဖော်ဖြစ်ရန် ကြွလာခဲ့ပြီး၊ ကိုယ်တော်၏မျက်မှောက်တော်အားဖြင့် သူတို့၏ဒုက္ခဆင်းရဲခံရာနေရာကို နှစ်လိုဖွယ်သော အခြေအနေဖြစ်စေလျက် သူတို့၏ဒုက္ခဆင်းရဲခံခြင်း၌ သူတို့ကို ဂရုစိုက်ပေးခဲ့လေသည်။

## V. ဒံယေလနှင့် သူ၏အပေါင်းအဖော်များသည် လူများအား ကောင်းကင်များ၏ဘုရားသခင်အားဖြင့် ကောင်းကင်များ၏ အုပ်စိုးခြင်းကို မြင်ခြင်းမှ တားဆီးနေသော ဖုံးကွယ်ရာအပေါ် အောင်နိုင်ခဲ့ကြသည် - ဒံ၊၄။

A. ခရစ်တော်၏ ပဌမနေရာရှိခြင်းအတွက် ကိုယ်တော်၏လူများဖြစ်ရန် ဘုရားသခင်အားဖြင့် ရွေးချယ်ခံရသောသူများအဖြစ် ကျွန်ုပ်တို့သည် ခရစ်တော်ကို အဦးဆုံးနေရာရှိစေရန် ရည်ရွယ်ချက်အတွက် ဘုရားသခင်၏ကောင်းကင်ဆိုင်ရာ အုပ်စိုးခြင်းအောက်တွင် ရှိကြသည် - အငယ်၊၁၈၊ ၂၃-၂၆၊ ၃၀-၃၂။ ရော၊၈း၂၈-၂၉။ ကော၊၁း၁၈ခ။ ၂ကော၊၁၀း၁၃၊၁၈။ ယေ၊၉း၂၃-၂၄။

B. "ကိုယ်တော်သည် မာနထောင်လွှားသော သူတို့ကို နှိမ့်ချခြင်းငှာ တတ်နိုင်တော်မူ၏" - ဒံ၊၄း၃၇ခ။

## VI. ဒံယေလနှင့် သူ၏အပေါင်းအဖော်များသည် ဘုရားသခင်ရှေ့တော်၌ သောက်စားယစ်မူးခြင်းနှင့် ကိုယ်တော်၏သန့်ရှင်းခြင်းကို စော်ကားခြင်းရလဒ်နှင့်စပ်လျဉ်း၍ မသိနားမလည်မှုအပေါ်၌ အောင်နိုင်ခဲ့ကြသည် - အခန်း၊၅။

A. ဗေလရှာဇာသည် ယေရုရှလင်၌ ကိုယ်တော်၏ သန့်ရှင်းသော ဗိမာန်တော်တွင် ဘုရားသခင်ကို ကိုးကွယ်ရန်ဖြစ်သော ထည့်စရာခွက်များကို ယူ၍၊ ထိုအရာများကို ရုပ်တုများအား ကိုးကွယ်ခြင်း၌ အသုံးပြုခဲ့ပြီး၊ ဘုရားသခင်၏သန့်ရှင်းခြင်းကို စော်ကားခဲ့သည် (အငယ်၊၄)။ သူသည် နေဗုခဒ်နေဇာ၏ အတွေ့အကြုံမှ သင်ခန်းစာကို သင်ယူခဲ့သင့်သည် (၄း၁၈-၃၇)၊ သို့သော် သူသည် သင်ခန်းစာ မသင်ယူခဲ့ဘဲ၊ ရလဒ်အနေဖြင့် ဒုက္ခခံစားခဲ့ရသည် (၅း၁၈၊ ၂၀၊ ၂၄-၃၁)။

B. "သာလွန်ထူးကဲသောဝိညာဉ်၊ အသိပညာ၊ ထိုးထွင်းသိမြင်ခြင်းနှင့်တကွ၊ အိပ်မက်များ၏ အနက်ကို ဖတ်ခြင်း၊ နက်နဲခက်ခဲသောအရာကို ဖွင့်ပြခြင်း၊ ပုစ္ဆာအမေးများ (တိုက်ရိုက်အနက် - ကြိုးထုံးများ) ကို ဖြေခြင်းငှာ တတ်စွမ်းနိုင်ခြင်းတို့သည် ဤဒံယေလ၌ ထင်ရှားလျက် ရှိပါ၏" - အငယ်၊၁၂က။

C. "အရှင် ဗေလရှာဇာ၊ ကိုယ်တော်သည် ထိုအမှုအလုံးစုံတို့ကို သိသော်လည်း၊ စိတ်နှလုံးကို မနှိမ့်ချဘဲ၊ ကောင်းကင်များ၏ သခင်ဘုရားကို ဆန့်ကျင်ဘက်ပြု၍၊ ဗိမာန်တော်၏ ဖလားတို့ကို ရှေ့တော်သို့ ယူခဲ့စေ၍၊ ကိုယ်တော်တိုင်မှစသော မှူးတော်မတ်တော်၊ မိဖုရား၊ မောင်းမမိဿံတို့သည် ထိုဖလားတို့နှင့် စပျစ်ရည်ကို သောက်ကြပြီတကား။ မျက်စိမမြင်၊ နားမကြား၊ အဘယ်အရာကိုမျှ မသိသော ငွေဘုရား၊ ရွှေဘုရား၊ ကြေးညိုဘုရား၊ သံဘုရား၊ သစ်သားဘုရား၊ ကျောက်ဘုရားတို့ကို ချီးမွမ်း၍၊ ကိုယ်တော်၏ အသက် သခင် တည်းဟူသော ကိုယ်တော်၏ အမှုအလုံးစုံတို့ကို စီရင်ပိုင်တော်မူသော ဘုရားသခင်ကို မချီးမြှောက်ဘဲ နေပါပြီတကား" - အငယ်၊၂၂-၂၃၊ ညွှန်း၊ အငယ်၊၂၀။

## VII. ဒံယေလနှင့် သူ၏အပေါင်းအဖော်များသည် ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ခြင်း၌ အောင်မြင်သူများ၏ သစ္စာရှိခြင်းကို တားမြစ်ပိတ်ပင်သော လျှို့ဝှက်ခြင်းအပေါ် အောင်နိုင်ခဲ့ကြသည် - အခန်း၊၆။

A. ဒံယေလ ၆ ၏ အလယ်ဗဟိုသည် ဘုရားသခင်၏စီမံကိန်းသယ်ဆောင်ခြင်းအတွက် လူ၏ဆုတောင်းခြင်းဖြစ်သည်။ ဒံယေလသည် လူက မတတ်နိုင်သောအရာကို လုပ်ရန်နှင့် လူက နားမလည်နိုင်သောအရာကို နားလည်ရန် ဆုတောင်းခြင်းအပေါ် မှီခိုခဲ့သည်။ ဘုရားသခင်၏စီမံကိန်းကို ပြည့်ဝပြည့်စုံခြင်းအထဲသို့၊ ပြီးမြောက်ခြင်းအထဲသို့ ယူဆောင်လာရန်မှာ ဆုတောင်းခြင်းအားဖြင့်မှလွဲ၍ အခြားနည်းလမ်း မရှိပါ။ ဤသည်မှာ ဤအခန်းကြီး၏ အတွင်းပိုင်း လျှို့ဝှက်ချက်ဖြစ်သည်။

B. ဒံယေလသည် ယေရုရှလင်မြို့ဆီသို့ သူ၏ပြတင်းပေါက်ကို ဖွင့်လျက် တစ်နေ့ သုံးကြိမ် ဆုတောင်းခဲ့သည်။ သူ၏ကျေးဇူးပြုသော ဆုတောင်းခြင်းမှတစ်ဆင့် ဘုရားသခင်သည် အစ္စရေးလူတို့ကို သူတို့၏ ဘိုးဘေးတို့၏ပြည်သို့ ပြန်လည်ခေါ်ဆောင်ခဲ့သည် (အငယ်၊ ၁၀။ ညွှန်း၊ ၁ဘုရင်၊၁၉း၁၂၊ ၁၈)။ ဘုရားသခင်က ကျွန်ုပ်တို့၏ဆုတောင်းခြင်းသည် ဘုရားသခင်၏ထာဝရစီမံကိန်း၌ ပန်းတိုင်အဖြစ် ခရစ်တော်ထံသို့ (သန့်ရှင်းသောမြေအားဖြင့် ပုံဆောင်ခြင်း)၊ ဘုရားသခင်၏နိုင်ငံတော်ဆီသို့ (သန့်ရှင်းသောမြို့တော်အားဖြင့် ပုံဆောင်ခြင်း) နှင့် ဘုရားသခင်၏အိမ်တော်ဆီသို့ (သန့်ရှင်းသော ဗိမာန်တော်အားဖြင့် ပုံဆောင်ခြင်း) ဖြစ်သောအခါ၊ ကျွန်ုပ်တို့၏ ဆုတောင်းခြင်းကို နားထောင်တော်မူမည်ဖြစ်သည် - ၈း၄၈-၄၉။

© 2026 Living Stream Ministry

Message Four

## ယောဘနှင့် အပင်နှစ်ပင်

ဖတ်ရန်ကျမ်း။ ။ က၂း၉၊ ၁၇။ဗျာ၂၂း၁-၂၊ ၁၄။ ယောဘ၁း၁။ ၂း၃။ ၄၂း၁-၆

**I. ဘုရားဆိုင်ရာဖွင့်ပြခြင်း၌ အပင်နှစ်ပင်၊ အရင်းအမြစ်နှစ်ခု၊ နည်းလမ်းနှစ်ခု၊ မူအလေ့အလာနှစ်ခုနှင့် ပြီးမြောက်ပြည့်စုံခြင်းနှစ်ခု ရှိနေသည်။**

A. အပင်နှစ်ပင်။

1. အသက်ပင်သည် လူသည် ကိုယ်တော်နှင့်အတူ ဆက်နွယ်ခြင်း၌ လူထံသို့ အသက်ဖြစ်သော သုံးပါးတစ်ပါးဘုရားကို ပုံဆောင်သည် - က၂း၉။ ဆာ၃၆း၉က။

2. ကောင်းမကောင်းသိကျွမ်းရာအပင်သည် ဘုရားသခင်၏ရှေ့တော်မှာ လူ၏ကျဆင်းခြင်း၌ လူထံသို့ သေခြင်းဖြစ်သော စာတန်၊ မာရ်နတ်၊ ဆိုးညစ်သူကို ပုံဆောင်သည် - က၂း၁၇။

B. အရင်းအမြစ်နှစ်ခု။

1. အသက်ပင်သည် ဘုရားသခင်ကို မိမိတို့၏မစမှုနှင့် မွေ့လျော်ဝမ်းမြောက်မှုအတွက် အသက်အဖြစ် ရှာဖွေသော လူများ၏ အရင်းအမြစ်ဖြစ်သည် - ယော၁း၄။ ၁၅း၁။

2. ကောင်းမကောင်းသိကျွမ်းရာအပင်မှာ မိမိတို့ကို သေခြင်းသို့ရောက်စေသာ အဆိပ်နှင့် ထာဝရပျက်စီးရာသို့ ရောက်ခြင်းအဖြစ် စာတန်နောက်သို့ လိုက်သော လူများ၏ အရင်းအမြစ်ဖြစ်သည် - ၈း၄၄။

3. ဤအရင်းအမြစ်နှစ်ခုမှ ထွက်ပေါ်လာသောအရာမှာ နိုင်ငံနှစ်ခုဖြစ်သည် - ဘုရားသခင်၏နိုင်ငံတော်နှင့် စာတန်၏နိုင်ငံတို့ဖြစ်သည် - မ၂၁း၄၃။ ၁၂း၂၆။ ကော၁း၁၃။

C. နည်းလမ်းနှစ်ခု။

1. ပထမနည်းလမ်းမှာ အသက်၏လမ်း၊ တင်းကျပ်ကျဉ်းမြောင်းသောလမ်းဖြစ်ပြီး၊ လူတို့သည် ဘုရားသခင်ကို ရှာဖွေရန်၊ ဘုရားသခင်ကို အမြတ်ရရန်၊ မစမှုအဖြစ် ကိုယ်တော်၏ထာဝရအသက်၌ ဘုရားသခင်ကို မွေ့လျော်ဝမ်းမြောက်စေရန်အတွက် ဖြစ်သည် - မ၇း၁၄။ တ၉း၂။ ၁၆း၁၇။ ၁၈း၂၅-၂၆။ ၂ပေ၂း၁၅၊ ၂၁။

2. ဒုတိယနည်းလမ်းမှာ သေခြင်းနှင့် ကောင်းမကောင်း၏ လမ်း၊ ကျယ်ပြန့်သောလမ်းဖြစ်ပြီး၊ လူတို့သည် စာတန်၏သားသမီးများဖြစ်ရန် သူ့နောက်သို့ လိုက်ခြင်းအတွက် ဖြစ်သည် - မ၇း၁၃။ ၁ယော၃း၁၀က။

D. မူအလေ့အလာနှစ်ခု။

1. ပထမမူအလေ့အလာမှာ အသက်၏အလေ့အလာ - ဘုရားသခင်အပေါ် မှီခိုခြင်း၏ မူအလေ့အလာဖြစ်သည် - ယော၁၅း၅။ က၁၄း၄။

2. ဒုတိယမူအလေ့အလာမှာ သေခြင်းနှင့် ကောင်းမကောင်း၏ မူအလေ့အလာ - ဘုရားသခင်ထံ မှီခိုမှုမရှိသော မူအလေ့အလာဖြစ်သည် - ယေ၁၇း၅-၆။ က၁၄း၃။

E. ပြီးမြောက်ပြည့်စုံခြင်းနှစ်ခုမှာ လူတို့က ဘုရားသခင်နှင့် သူတို့ဆက်နွယ်ခြင်း၌ ယူဆောင်ကြသည့် နည်းလမ်းနှစ်ခုမှ နောက်ဆုံးထွက်ပေါ်လာသောရလဒ်ဖြစ်သည်။

1. ဘုရားသခင်၏အသက်လမ်း ပြီးမြောက်ပြည့်စုံခြင်းမှာ အသက်ရေ၏မြို့တော် ယေရုရှလင်မြို့သစ် ဖြစ်သည် - ဗျာ၂၁း၂။ ၁၀-၁၁။ ၂၂း၁-၂။

2. သေခြင်းနှင့် ကောင်းမကောင်း၏လမ်း ပြီးမြောက်ပြည့်စုံခြင်းမှာ ငရဲမီးအိုင်ဖြစ်သည် - ၁၉း၂၀။ ၂၀း၁၀၊၁၄-၁၅။ ၂၁း၈။

**II. ဘုရားသခင်၏ရည်ရွယ်ချက်မှာ ယောဘအား ကောင်းမကောင်းသိကျွမ်းရာအပင်၏ လမ်းကြောင်း၌ ရှိစေရန်မဟုတ်ဘဲ၊ အသက်ပင်၏လမ်းကြောင်း၌ ယောဘအား ရှိစေရန် ဖြစ်သည်။**

A. ယောဘနှင့် သူ့မိတ်ဆွေများ၏ တွေးခေါ်မှုစနစ်မှာ ကောင်းမကောင်းသိကျွမ်းရာအပင်၏ လမ်းကြောင်းအတိုင်းပင် ဖြစ်သည် - ယောဘ၂း၁၁-၃၂း၁။

B. ယောဘသည် သူ၏မိတ်ဆွေများကဲ့သို့ပင် အမှန်နှင့်အမှားကို သိကျွမ်းခြင်း၌ ရပ်တန့်နေခဲ့ပြီး၊ ဘုရားသခင်၏စီမံကိန်းကို သိကျွမ်းခြင်း မရှိခဲ့ပေ - ၄း၇-၈။

C. ယောဘနှင့် သူ၏မိတ်ဆွေများသည် ကောင်းမကောင်း သိကျွမ်းရာအပင်၏ နယ်ပယ်မှာ ရှိနေခဲ့ကြသည်။ ဘုရားသခင်သည် သူတို့ကို ထိုနယ်ပယ်မှ ကယ်နုတ်၍၊ အသက်ပင်၏ နယ်ပယ်အဝန်းထဲသို့ ထားရှိရန် အားထုတ်တော်မူခဲ့သည် - ၁း၁။ ၂း၃။ ၁၉း၁၀။

D. ယောဘကို ဆက်ဆံဖြေရှင်းခြင်း၌ ဘုရားသခင်၏အကြံအစည်တော်မှာ သူ့ကို ကောင်းမကောင်း၏ နည်းလမ်းမှ အသက်၏နည်းလမ်းသို့ လှည့်သွားစေရန်၊ ထိုသို့ဖြင့် သူသည် ဘုရားသခင်ကို အပြည့်ဝဆုံးအတိုင်းအတာအထိ အမြတ်ရရှိစေရန် ဖြစ်သည် - ၄၂း၁-၆။

**III. ကျွန်ုပ်တို့သည် အသက်ပင်၏ ရှုပါရုံ - ခရစ်တော်၌ ဘုရားသခင်သည် ကျွန်ုပ်တို့၏အစာဖြစ်ခြင်း၏ ရှုပါရုံကို လိုအပ်သည် - က၂း၉။ ဗျာ၂၂း၁-၂၊ ၁၄။**

A. အသက်ပင်သည် ခရစ်တော်၌ သုံးပါးတစ်ပါးဘုရားက မိမိကိုယ်တော်တိုင်ကို ကိုယ်တော်၏ရွေးချယ်ခံလူများအထဲသို့ အစားအစာ၏ပုံစံ၌ အသက်အဖြစ် ဝေငှဖြန့်ဖြူးရန်ဖြစ်ကြောင်း ပုံဆောင်သည် - က၂း၉။

B. အသက်ပင်သည် စကြဝဠာ၏ အလယ်ဗဟိုဖြစ်သည်။

1. ဘုရားသခင်၏အကြံအစည်တော်အရ မြေကြီးသည် စကြဝဠာ၏ အလယ်ဗဟိုဖြစ်ပြီး၊ ဧဒင်ဥယျာဉ်သည် မြေကြီး၏ အလယ်ဗဟိုဖြစ်ကာ၊ အသက်ပင်သည် ဧဒင်ဥယျာဉ်၏ အလယ်ဗဟိုဖြစ်သည်။ ထို့ကြောင့် စကြဝဠာသည် အသက်ပင်အပေါ် ဗဟိုပြုထားခြင်းပင် ဖြစ်သည်။
2. ဘုရားသခင်နှင့် လူနှစ်ဦးလုံးအဖို့ အသက်ပင်ထက် ပို၍ အလယ်ဗဟိုကျသော၊ အရေးကြီးသောအရာ ဘာမျှမရှိပါ - ၃း၂၂။ ဗျာ၂၂း၁၄။

C. ဓမ္မသစ်ကျမ်းက ခရစ်တော်သည် အသက်ပင်၏ပုံဆောင်ချက် ပြီးပြည့်စုံခြင်းဖြစ်ကြောင်း ဖွင့်ပြထားသည် - ယော၁း၄။ ၁၅း၅။

D. ယောဟန်ဧဝံဂေလိစာစောင်၌ ဖွင့်ပြထားသည့် အရာအားလုံးပါဝင်သော ခရစ်တော်၏ သွင်ပြင်များအားလုံးသည် အသက်ပင်မှ ထွက်ပေါ်လာသော ရလဒ်ဖြစ်သည် - ၆း၄၈။ ၈း၁၂။ ၁၀း၁၁။ ၁၁း၂၅။ ၁၄း၆။

E. အသက်ပင်ကို မွေ့လျော်ဝမ်းမြောက်ခြင်းမှာ ဘုရားသခင်၏ရွေးနုတ်ခံလူများအားလုံး၏ ထာဝရဝေစု ဖြစ်လိမ့်မည်ဖြစ်သည် - ဗျာ၂၂း၁-၂၊ ၁၄။

1. အသက်ပင်သည် အစအဦးမှ လူအတွက် ဘုရားသခင် ရည်ရွယ်ထားသည့်အရာကို ထာဝရကာလပတ်လုံး ပြီးပြည့်စုံစေသည် - က၁း၂၆။ ၂း၉။
2. အသက်ပင်၏အသီးများသည် ထာဝရကာလ၌ ဘုရားသခင့်ရွေးနုတ်ခံတို့အဖို့ အစားအစာဖြစ်လိမ့်မည်။ ဤအသီးများသည် စဉ်ဆက်မပြတ် လန်းဆန်းသစ်လွင်ပြီး၊ လတိုင်း အသီးသီးခြင်း ရှိလိမ့်မည်ဖြစ်သည် - ဗျာ၂၂း၂။

**IV. ကျွန်ုပ်တို့သည် အသစ်မွေးဖွားခံရသောအခါ ခရစ်တော်သည် မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့အထဲသို့ အသက်ပင်အဖြစ် စိုက်ပျိုးခဲ့ပြီ ဖြစ်သည် - ယော၁း၁၂-၁၃။ ၃း၃၊ ၅-၆၊၁၅။ ၁၁း၂၅။ ၁၅း၁၊ ၅။**

A. ကျွန်ုပ်တို့၏လက်တွေ့ အသက်ရှင်ခြင်း၌ ကျွန်ုပ်တို့သည် အသက်ပင်၏လမ်းကြောင်း၌ မရှိဘဲ၊ ကောင်းမကောင်းသိကျွမ်းရာ၏ လမ်းကြောင်း၌ ရှိနေခြင်းဖြစ်နိုင်ပေသည် - သု၁၆း၂၅။ ၂၁း၂။

B. ယောဘသည် ကိုယ်ကျင့်တရားနယ်ပယ်ရှိ တစ်စုံတစ်ရာကို ရှာဖွေဆည်းပူးခဲ့သည်၊ သို့သော် ခရစ်တော်၌ ယုံကြည်သူများဖြစ်သည့် ကျွန်ုပ်တို့သည် ဘုရားသခင်၏နယ်ပယ်အဝန်းရှိ တစ်စုံတစ်ရာကို ရှာဖွေဆည်းပူးသင့်ပါသည် - ၁ကော၁၅း၂၈။ ဧ၃း၁၆-၂၁။

C. ကျွန်ုပ်တို့၏နေ့စဉ် အသက်ရှင်ခြင်း၌ ကျွန်ုပ်တို့သည် ကောင်းမကောင်း သိကျွမ်းရာအပင်၏ နယ်ပယ်အဝန်း၌ မရှိသင့်ဘဲ၊ အသက်ပေးသောဝိညာဉ်တော်၏ နယ်ပယ်အဝန်း၌ ရှိသင့်ပါသည် - ၁ကော၁၅း၄၅ခ။ ရော၈း၂။

D. ဘုရားသခင်၏ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ကို ဖြိုချ၍၊ ကျွန်ုပ်တို့၏အသက်နှင့် သဘောသဘာဝအဖြစ် ကိုယ်တော်ကိုယ်တိုင်ဖြင့် ပြန်လည်တည်ဆောက်ရန်၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်နှင့် အကြွင်းမဲ့ တစ်လုံးတစ်ဝဖြစ်သည့် ပုဂ္ဂိုလ်များဖြစ်လာစေရန် ဖြစ်သည် - ၂ကော၁း၉။ ၄း၁၄။

*© 2026 Living Stream Ministry*

Message Five

## ယောဘနှင့်အတူ ဘုရားသခင်၏ရည်ရွယ်ချက် - ကောင်းသောလူသည် ဘုရား-လူဖြစ်လာရန်

ဖတ်ရန်ကျမ်း။ ။ ယောဘ၊၁း၁၊ ၈။ ၂း၃၊၉။ ၂၇း၅။ ၃၁း၆။ ၄၂း၅-၆

**I. ခြောက်ဆယ့်ခြောက်စောင်ပါသော သမ္မာကျမ်းစာသည် တစ်ခုတည်းသောအရာအတွက်သာ ဖြစ်သည် - ယင်းမှာ ခရစ်တော်၌ ဘုရားသခင်သည် ဝိညာဉ်တော်အားဖြင့် မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့၏အသက်၊ ကျွန်ုပ်တို့၏သဘောသဘာဝနှင့် ကျွန်ုပ်တို့၏ အရာခပ်သိမ်းအဖြစ် ကျွန်ုပ်တို့အထဲသို့ ဝေငှဖြန့်ဖြူးရန်၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်ကို အသက်ရှင်၍၊ ခရစ်တော်ကို ထင်ရှားရန် ဖြစ်သည် - ဧ၊၃း၁၆-၁၇က။ ဖိ၊၁း၂၁က။**

A. ဤအရာသည် ကျွန်ုပ်တို့၏အသက်တာကို အုပ်စိုးနေသော မူအလေ့အလာဖြစ်သင့်သည် - ယော၊၆း၅၇။

B. လက်တွေ့ကျသောနည်းလမ်း၌ ဤအရာသည် ကျွန်ုပ်တို့၏ မွေ့လျော်ဝမ်းမြောက်မှုအတွက် ယနေ့၏ အသက်ပင် ဖြစ်သင့်ပါသည် - ဗျာ၊၂၂း၁၄။

**II. ယောဘသည် ကောင်းသောလူတစ်ဦးဖြစ်ပြီး၊ မိမိ၏စုံလင်ခြင်း၊ ဖြောင့်မတ်ခြင်းနှင့် တည်ကြည်ခြင်း၌ မိမိကိုယ်ကို ထင်ရှားစေသည် - ယောဘ၊၂၇း၅။ ၃၁း၆။ ၃၂း၁။**

A. စုံလင်ခြင်းသည် အတွင်းလူနှင့် ဆက်နွှယ်နေပြီး၊ ဖြောင့်မှန်ခြင်းသည် အပြင်လူနှင့် ဆက်နွှယ်နေသည် - ၁း၁။

B. ယောဘသည် တည်ကြည်ခြင်းရှိသောလူဖြစ်သည်။ တည်ကြည်ခြင်းသည် စုံလင်ခြင်းနှင့် ဖြောင့်မှန်ခြင်းရှိခြင်း၏ စုစုပေါင်းဖြစ်သည် - ၂း၃၊ ၉။ ၂၇း၅။ ၃၁း၆။

1. ယောဘနှင့်စပ်လျဉ်း၍ တည်ကြည်ခြင်းသည် သူဖြစ်သောအရာ၏ စုစုပေါင်းထင်ရှားခြင်းဖြစ်သည်။
2. အကျင့်စာရိတ္တ၌ ယောဘသည် စုံလင်၍ ဖြောင့်မှန်ခဲ့သည်၊ သူ၏ကိုယ်ကျင့်သိက္ခာ၌ သူသည် တည်ကြည်ခြင်း၏ မြင့်မားသောစံနှုန်းရှိသည်။

C. ယောဘသည် အပေါင်းလက္ခဏာ၌ ဘုရားသခင်ကို ကြောက်ရွံ့ပြီး၊ အနုတ်လက္ခဏာ၌ မကောင်းမှုမှ ရှောင်လွှဲသောသူဖြစ်သည် - ၁း၁။

1. ဘုရားသခင်က လူအား ကိုယ်တော်ကို ကြောက်ရွံ့ကာ၊ မည်သည့်အမှားမျှ မလုပ်ရုံအတွက် ဖန်ဆင်းခဲ့ခြင်းမဟုတ်ပါ။ ထိုအစား ဘုရားသခင်သည် လူကို ကိုယ်တော်၏ပုံသဏ္ဍာန်တော်၌၊ ကိုယ်တော်နှင့်တစ်ညီတည်းဖြစ်ခြင်းအတိုင်း ဖန်ဆင်းခဲ့ကာ၊ ယင်းမှာ လူသည် ဘုရားသခင်ကို ထင်ရှားစေရန် ဖြစ်သည် - က၊၁း၂၆။
2. ဘုရားသခင်ကို ထင်ရှားခြင်းမှာ ဘုရားသခင်ကိုကြောက်ရွံ့ခြင်းနှင့် မကောင်းသောအမှုမှရှောင်လွှဲခြင်းထက် ပို၍မြင့်မားသည်။
3. ယောဘသည် သူ၏စုံလင်ခြင်း၊ ဖြောင့်မှန်ခြင်းနှင့် တည်ကြည်ခြင်း၌ ရယူခဲ့သောအရာမှာ အချည်းနှီးသက်သက်ဖြစ်သည်။ ၎င်းသည် ဘုရားသခင်၏အကြံအစည်တော်ကို ပြီးပြည့်စုံစေခြင်း မရှိသည်သာမက၊ ကိုယ်တော်၏အလိုတော်ကို ကျေနပ်စေခြင်းလည်းမရှိပါ၊ ထို့ကြောင့် ကိုယ်တော်သည် ယောဘအတွက် မေတ္တာဖြင့် စဉ်းစားပေးခဲ့သည် - ယောဘ၊၁း၆-၈။ ၂း၁-၃။

D. ယောဘ၌ လိုအပ်ချက်ရှိကြောင်း ဘုရားသခင်သာလျှင် သိတော်မူသည် - သူ့အတွင်း၌ ဘုရားသခင်ကို မရရှိထားပေ။ ထို့ကြောင့် ဘုရားသခင်က ယောဘအား ကိုယ်တော်၏အကြံအစည်တော် ပြီးပြည့်စုံခြင်းအတွက် ကိုယ်တော်ကို ထင်ရှားစေရန်အလို့ငှာ ကိုယ်တော်ကို အမြတ်ရခြင်း ရှိစေလိုသည် - ၄၂း၅-၆။

**III. ဘုရားသခင်၏ရည်ရွယ်ချက်မှာ ယောဘသည် ဘုရား-လူဖြစ်လာရန်၊ ကိုယ်တော်၏ဂုဏ်အင်္ဂါများ၌ ဘုရားသခင်ကို ထင်ရှားခြင်းရှိစေရန် ဖြစ်သည် - ၂၂း၂၄-၂၅။ ၃၈း၁-၃။**

A. ဘုရားသခင်သည် ယောဘကို အခြားသောနယ်ပယ်၊ ဘုရားသခင်၏နယ်ပယ်အထဲသို့ ခေါ်ဆောင်ခဲ့သည်၊ ထိုသို့ဖြင့် ယောဘသည် မိမိ၏စုံလင်ခြင်း၊ ဖြောင့်မတ်ခြင်းနှင့် တည်ကြည်ခြင်း၌ ရရှိအောင်မြင်ခဲ့ခြင်းများအစား၊ ဘုရားသခင်ကို အမြတ်ရရှိနိုင်မည်ဖြစ်သည် - ၄၂း၅-၆။

B. ယောဘနှင့်အတူ ဘုရားသခင်၏ ရည်ရွယ်ချက်မှာ သူ့ကို ကုန်ဆုံးသွားစေ၍၊ စုံလင်ခြင်းနှင့် ဖြောင့်မှန်ခြင်း၌ ကိုယ်ကျင့်တရား၏ အမြင့်ဆုံးစံနှုန်းတွင် သူ၏ရရှိအောင်မြင်ခဲ့ခြင်းများ၊ သူ၏အောင်မြင်မှုများ မှ သူ့ကို ချွတ်ခွာရန် ဖြစ်သည် - ၃၁း၆။

C. ဘုရားသခင်၏ ရည်ရွယ်ချက်မှာ သူ၏စုံလင်ခြင်းနှင့် ဖြောင့်မှန်ခြင်း၌ ဇာတိဆိုင်ရာ ယောဘကို ဖြိုချ၍၊ ကိုယ်တော်က ဘုရားသခင်၏သဘောသဘာဝနှင့် ဂုဏ်အင်္ဂါများ၌ အသစ်ပြုပြင်ခံရသော ယောဘကို တည်ဆောက်နိုင်ရန် ဖြစ်သည် - ၁း၆-၈။ ၂း၃-၆။

D. ဘုရားသခင်၏ရည်ရွယ်ချက်မှာ ယောဘကို ဘုရားသခင်၏လူဖြစ်စေရန်၊ ခရစ်တော်၌ ဘုရားသခင်၏ထင်ရှားခြင်းအတွက် ဘုရားသခင်၏ပြည့်ဝပြည့်စုံခြင်းဖြစ်လာစေဖို့ ဘုရားသခင်၏ကိုယ်ထင်ရှားခြင်းဖြစ်သည့် ခရစ်တော်နှင့် ပြည့်ဝစေရန် ဖြစ်သည် - ၁တိ၊ ၆း၁၁။ ၂တိ၊၃း၁၇။

E. ဘုရားသခင်၏ချွတ်ခွာခြင်းနှင့် ကုန်ဆုံးစေခြင်းသည် ယောဘကို ဖြိုချရန် သူ့အပေါ် ကျင့်သုံးခဲ့သည်၊ ထိုသို့ဖြင့် ဘုရားသခင်သည် သူ့ကို ဘုရားသခင်ကိုယ်တော်တိုင်ဖြင့် ပြန်လည်တည်ဆောက်ရန် အခြေနှင့် နည်းလမ်း ရရှိနိုင်မည်၊ သို့မှသာ သူသည် ဘုရား-လူ ဖြစ်လာနိုင်မည်၊ ဘုရားသခင်ကို ထင်ရှားစေဖို့အလို့ငှာ ကိုးကွယ်ခံအရာ၌မဟုတ်ဘဲ၊ ကိုယ်တော်၏အသက်နှင့် သဘောသဘာဝ၌ ဘုရားကဲ့သို့ တူညီလာနိုင်မည်ဖြစ်သည် - ဧ၊၃း၁၆-၂၁။

## IV. ခရစ်တော်၌ ဘုရားသခင်သည် လူအထဲသို့ စေ့စပ်ထုံးဖွဲ့ခဲ့ပြီး၊ လူသည် ဘုရားသခင်အထဲသို့ စေ့စပ်ထုံးဖွဲ့ခံရပြီး ဖြစ်ကာ၊ ဘုရားသခင်နှင့် လူသည် တစ်ခုတည်းသောထုံးဖွဲ့မှု ဖြစ်လာရန် အတူတကွ ရောနှောပေါင်းစည်းခဲ့ပြီဖြစ်သည်၊ ယင်းကို ဘုရား-လူဟု ခေါ်ဆိုသည် - မ၊ ၁း၂၁၊ ၂၃။ လု၊၁း၃၅။ တိတု၊၂း၁၃။ ၁တိ၊၂း၅။

A. များစွာသော ဘုရား-လူများ၊ ဘုရားသခင်၏များစွာသော သားများသည် ပထမဆုံးသော ဘုရား-လူ ခရစ်တော်၏ တိုးပွားခြင်း၊ ပြန်လည်ထုတ်လုပ်ခြင်း၊ ပုံတူပွားခြင်းနှင့် ဆက်လက်ဖြစ်ပွားခြင်း ဖြစ်သည် - ယော၊၁၂း၂၄။ ဟေဗြဲ၊၂း၁၀။ ရော၊၈း၂၉။

B. ဘုရား-လူတစ်ဦးသည် ဘုရားသခင်၏အသက်နှင့် သဘောသဘာဝကို ပါဝင်ဆက်ဆံသူတစ်ဦးဖြစ်ပြီး၊ ထိုသို့ဖြင့် ကိုယ်တော်၏ အသက်နှင့် သဘောသဘာဝ၌ ဘုရားသခင်နှင့် တစ်လုံးတစ်ဝရှိလာကာ၊ ကိုယ်တော်ကို ထင်ရှားစေသောသူဖြစ်သည် - ယော၊ ၃း၁၅။ ၂ပေ၊၁း၄။ ၁ကော၊၆း၁၇။

C. ဘုရား-လူတစ်ဦးသည် ဘုရားသခင်၏သားဖြစ်ရန် ဘုရားသခင်၏မွေးဖွားခံရပြီး၊ ဘုရားသခင်၏အသက်နှင့် သဘောသဘာဝ ရှိသည် - ယော၊၁း၁၂-၁၃။ ၃း၆။

1. ဘုရား-လူတစ်ဦးသည် လူသားဆိုင်ရာနှင့် ဘုရားဆိုင်ရာ ဟူသော အသက်နှစ်ခု၊ လူသားဇာတိနှင့် ဘုရားဇာတိ ဟူသော သဘောသဘာဝနှစ်ခု ရှိသည်။
2. ဘုရား-လူတစ်ဦးသည် အသက်-လူတစ်ဦးဖြစ်သည် - ၁ယော၊၅း၁၁-၁၃။ ရော၊၈း၂၊ ၆၊ ၁၀-၁၁။
3. ဘုရား-လူတစ်ဦးသည် ရွှေ-လူတစ်ဦးဖြစ်သည် - ထွ၊၂၅း၁၁။ ၁ပေ၊၁း၇။ ဗျာ၊၃း၁၈။ ၂၁း၁၈ခ။

D. ဘုရား-လူတစ်ဦးသည် ဘုရားသခင်နှင့် စေ့စပ်ထုံးဖွဲ့ပြီး၊ သူ၏အသက်၊ အသက်မစရာနှင့် အရာခပ်သိမ်းအဖြစ် ဘုရားသခင်ကို ရရှိထားသည်။ ထို့ကြောင့် ဘုရား-လူသည် လူဖြစ်သော်လည်း ဘုရား၊ ဘုရားဖြစ်သော်လည်း လူ ဖြစ်သည် - ဧ၊၃း၁၆-၁၇က။

E. ဘုရား-လူတစ်ဦးသည် ဖန်ဆင်းခြင်းအသစ်နှင့် ခရစ်တော်၌ ဘုရားသခင်၏ ဖြောင့်မတ်ခြင်း ဖြစ်သည် - ၂ကော၊၅း၁၇၊ ၂၁။

F. ဘုရား-လူတစ်ဦးသည် သူ့ဖြစ်ခြင်းတစ်ခုလုံးဖြင့် သခင်ဘုရားကို ချစ်သည်၊ ယင်းမှာ သူ၏စိတ်နှလုံး၊ စိတ်၊ အသိဉာဏ်နှင့် ခွန်အားမှ ချစ်ခြင်းဖြစ်သည် - မာ၊၁၂း၃၀။

G. ဘုရား-လူတစ်ဦးသည် အသွေးအသား၌ ကိုးကားမှုမရှိ၊ အတ္တကို ငြင်းပယ်၍၊ ခရစ်တော်ကို အသက်ရှင်ရန် ဝိညာဉ်ကို လေ့ကျင့်ခြင်းရှိသည် - ဖိ၊၃း၃။ မ၊၁၆း၂၄။ ၁တိ၊၄း၇။ ဖိ၊၁း၂၁က။

H. ဘုရား-လူတစ်ဦးသည် ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်အတူရှိသော ဘုရားသခင်၏လူဖြစ်ပြီး၊ ဘုရားသခင်၏အသက်လေကို ရှူသွင်းသူဖြစ်သည် - ၁တိ၊၆း၁၁။ ၂တိ၊၃း၁၆-၁၇။

I. ဘုရား-လူတစ်ဦးသည် မိမိမှာ တစ်ဦးတည်း သီးခြားလွတ်လပ်သူမဟုတ်ဘဲ၊ စုပေါင်းထားသော ဘုရား-လူ၊ လူသစ်တစ်ဦးတည်းဟူသော ခရစ်တော်ကိုယ်ခန္ဓာတော်၏ အစိတ်အပိုင်းဖြစ်ကြောင်းကို သိမှတ်နားလည်သည် - ၁ကော၊၁၂း၁၂-၁၃။ ဧ၊၄း၁၆။ ကော၊ ၃း၁၀-၁၁။

*© 2026 Living Stream Ministry*